အရှင်ဉာဏိက

# အာရာဖတ် နှင့် လတ်ဆတ်လေ



The flowers depart when we hate to lose them; the weeds arrive while we hate to watch them; then grow. ( Dozen)

"သူတို့တွေ ကိုယ့်တို့ဆီက ခွဲခွါသွားကြမှာကို စိုးရွံ့နေစဉ်မှာပဲ ပန်းပွင့်လေးတွေက ကိုယ်တို့ကို စွန့်ခွါသွားကြတယ်၊ ပေါင်းမြက်ပင်တွေကျပြန်တော့ သူတို့တွေဆိုက်ရောက်လာမှာကို အလိုမရှိပေမယ့် မဖိတ်ခေါ်ပဲ ကိုယ်တို့ဆီကို အရောက်လာခဲ့ကြတယ်၊ (နောက်ပြီး ကိုယ်တို့ရဲ့ ဥယျာဉ်ထဲမှာ ပိုင်စိုးပိုင်နင်း) ရှင်သန်ကြီးထွားလို့နေကြတယ်"။

ပါလက်စတိုင်းခေါင်းဆောင် ယာဆာအာရာဖတ်တစ်ယောက် ကွယ်လွန်သွားခဲ့ပြီ၊ မပြီးသတ်သေးတဲ့တာဝန်တွေကို ချန်ထားခဲ့လို့ပေါ့၊ မျှော်လင့်ခဲတဲ့ သူ့လိုအင်တွေ၊ အားထားခဲ့ကြတဲ့ သူ့လူမျိုးတွေရဲ့ဆန္ဒတွေ အကောင်အထည်ပေါ်အောင် မဆောင်ရွက်နိုင်မီမှာ လူ့ဘဝကိုစွန့်ခွါသွားခဲ့ခြင်းပါ၊ သူ့ပြည်သူတွေရင်ထဲမှာတော့ ၇၅ နှစ်ဆိုတဲ့ သူတို့ခေါင်းဆောင်ကြီးရဲ့သက်တမ်းဟာ အလွန်ပဲတိုတောင်းလွန်းလှပေတယ်ရယ်လို့ ဆိုချင်ကြမလားပါ၊ လောကထဲမှာ မသေစေလိုသူတွေရဲ့ အသက်တွေဆိုတာ ရှည်ပင်ရှည်သော်လည်း တိုတောင်းတယ်လို့ ထင်မြင်ကြစမြဲပါ၊ အဲ မရှည်စေလိုသူတွေအတွက်ဆိုလျင်တော့ တစ်ရက်တာမျှရှင်သန်နေမှုသည်ပင် အလွန်ရှည်လျားတယ်လို့ ထင်မြင်တတ်ကြပြန်ရော၊ မြန်မာကဗျာဆရာကြီး ဦးတင်မိုးစကားအရဆိုလျင်တော့ "ချစ်သူတို့သက်တမ်း တိုလှ၏၊ မုန်းသူတို့သက်တမ်း ရှည်လှ၏၊ ကြေကွဲ၍ မဆုံးပါ" လို့ပြောရမလိုပါ။

သူ့အပေါ် လူတွေရှုမြင်ပုံခြင်းကတော့ အကွဲကွဲအပြားပါ၊ တချို့က နိုင်ငံရေးသမားတစ်ဦးအဖြစ် မှတ်ထင်ကြ၊ တော်လှန်ရေးသမားတစ်ဦးအဖြစ် ရှုမြင်သူလည်းရှိရဲ့၊ တချို့ကတော့ သူပုန်တစ်ဦးအသွင်ကမ္ပည်းတင်စဉ်မှာပဲ တချို့သူတွေက အကြမ်းဖက်သမားတစ်ဦးရယ်လို့ ယူဆကြပြန်တယ်၊ သူနဲ့ပတ်သက်တဲ့အမြင်တွေဟာ သူအသက်ရှင် ကျန်းမာနေစဉ်ပါမက သေခါနီးအချိန်အထိကိုပဲ အယူဝါဒတွေ မတူမျှတာကို တွေ့ရပါတယ်၊ သူဆေးရုံပေါ်မှာရှိနေစဉ်အတွင်း နေသာတယ်လို့ ဆိုသူကဆို ၊ သေသွားပြီလို့ ပြောသူကပြော၊ ဘယ်သတင်းက အတည်ဖြစ်တယ်ဆိုတာ ဝေခွဲမရနိုင်အောင် ဖြစ်ခဲ့ကြရပါတယ်၊ နောက်ဆုံးသူသေပြီဆိုမှပဲ တကယ့်အမှန်ကို သိနိုင်ပါတော့တယ်။

ဘယ်သူတွေကဘယ်လိုပဲမြင်မြင်၊ သူ့ပြည်သူပြည်သားအများစုက ယာဆာအာရာဖတ်ဟာ သူတို့ရဲ့ခေါင်းဆောင်၊ သူ့တိုင်းသူပြည်သားအကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူတစ်ဦးအဖြစ် သတ်မှတ်ကြတယ်ဆိုတာကိုတော့ ယုံမှားသံသယ မရှိလောက်အောင်ကိုပဲသက်သေထူခဲ့ကြပါတယ်၊ ယာဆာအာရာဖတ်တစ်ယောက် ပြင်သစ်ကိုဆေးကုဖို့ထွက်သွားကတည်းကစလို့ သူတို့ခေါင်းဆောင်ကြီး သူချစ်တဲ့ပါလက်စတိုင်းနယ်မြေဆီကို ကျန်းကျန်းမာမာနဲ့ပြန်ရောက်လာစေဖို့ ဆုတောင်းနေကြတဲ့ပုံတွေကို မီဒီယာများမှာ တွေ့ခဲ့ကြရပါတယ်၊ သူတို့အတွက် အစားထိုးမရနိုင်တဲ့ တစ်ဦးတည်းသောသူလို့ ဆိုသူကဆိုပါတယ်၊ သူဆုံးသွားပြီဆိုတော့လည်း သူ့တိုင်းသူပြည်သားတွေခမျာမျက်ရည်လည်ရွဲပါ၊ ပါလက်စတိုင်းလူမျိုးတွေရဲ့ ဝမ်းနည်းကြေကွဲနေကြတဲ့ မျက်နှာတွေကိုကြည့်ခြင်းအားဖြင့် သူ့အပေါ် သူ့တိုင်းသူပြည်သားတွေ (ပါလက်စတိုင်းနိုင်ငံဆိုတာမရှိသေးပေမယ့်) ဘယ်လောက် အားထားတယ်၊ ချစ်ကြတယ်ဆိုတာကို ခန့်မှန်းနားလည် နိုင်ပါတယ်၊ "သူအသက်သေသွားပေမယ့် သူတို့ပါလက်စတိုင်းတွေရဲ့နှစ်လုံးသားထဲ

ကနေ သူတို့ရဲ့ခေါင်းဆောင်ကြီးဟာ ဘယ်တော့မှ ပျောက်ကွယ်သွားမှာ မဟုတ်ပါဘူး"ဆိုတဲ့ ပါလက်စတိုင်းတစ်ဦးရဲ့ ပြောပြချက်ဟာ ပါလက်စတိုင်းတွေရဲ့ ရင်တွင်းဆန္ဒကို ကောင်းကောင်းကြီး ထင်ဟပ်တဲ့စကားပဲဖြစ်မှာပါ။

ယာဆာအာရာဖတ်ဟာ လူပင်သေသော်လည်း အမည်မသေတဲ့ လူသားတစ်ဦးအဖြစ် သမိုင်းစာမျက်နှာပေါ်မှာ (အနည်းဆုံးတော့ ပါလက်စတိုင်းလူမျိုးတွေရင်ထဲမှာ) ထာဝရစွဲထင်ကျန်နေရစ်မှာ မလွဲပါဘူး၊ ဒါဟာ လူ့ဝန်းကျင် အသိုင်းအဝိုင်းကနေ လူသားတစ်ဦးအတွက် အမြင့်မားဆုံးဂုဏ်ပြုမှုတစ်ခုပါပဲ၊ ဒီဂုဏ်မျိုးက တမင်ဖန်တီးယူလို့ မရနိုင်သလို ဘယ်သူတစ်ဦး တစ်ယောက်ကမှလည်း တားမြစ်ပိတ်ပင်လို့မရနိုင်တဲ့ လူသားတစ်ဦးရဲ့ လူ့တာဝန်ကျေပွန်မှု အပေါ် ပတ်ဝန်းကျင်က တုံ့ပြန်လိုက်တဲ့ ရောင်ပြန်ဟပ်မှုတစ်ခုပါ၊ အကြမ်းနဲ့စခဲ့တဲ့သူ့ဘဝမှာ အမြင့်မားဆုံးလို့ ဆိုနိုင်တဲ့ ငြိမ်းချမ်းရေးနိုဗယ်ဆုကိုပင် ရယူနိုင်ခဲ့ခြင်းဟာ အကြောင်းမဲ့တော့ ဟုတ်ပေလိမ့်မယ် မဟုတ်ဘူးပေါ့။

အရာဖတ်နည်းတူ လူတိုင်းလူတိုင်း တစ်ချိန်ချိန်မှာတော့ ကိုယ်ကချစ်တဲ့၊ ကိုယ့်ကိုချစ်တဲ့သူတွေနဲ့ မလွဲမသွေ ခွဲခွာကြ ရပေလိမ့်မယ်၊ လက်ခံချင်လျက်ပဲဖြစ်ဖြစ် ၊ လက်မခံချင်ပဲဖြစ်ဖြစ်၊ ခွဲကိုခွဲရလိမ့်မယ်၊ ဒါဟာ လူတွေတီထွင်ပြဋ္ဌာန်း သတ်မှတ်ထားတဲ့ လောကဥပဒေသမဟုတ်လို့ အမှားကင်းတဲ့ ချွင်းချက်မရှိတဲ့ ဥပဒေသလည်းပဲဖြစ်တယ်၊ ဘယ်သူတစ်ဦး တစ်ယောက်မှ ဥပဒေအထက်မှာ မရှိစေရဆိုတဲ့စကားဟာ ဟောဒီကွဲကွာခြင်း၊ ခွဲခွါရခြင်းဆိုတဲ့ သဘာဝဥပဒေသမှာ ဆိုလျှင်တော့ တိတိကျကျ မှန်ကန်ပါလိမ့်မယ်၊ အာဏာရှိသူ၊ စီးစိမ်ရှိသူ၊ မျက်နှာကြီးငယ်၊ချစ်သူ၊မုန်းသူရယ်လို့ ခွဲခြားမှုမရှိတဲ့ ဘက်လိုက်မှုကင်းတဲ့ သဘာဝဥပဒေသသဟာ ဘယ်လိုအကြောင်းကြောင့်မှ ဘယ်သူ့ကိုမှ မျက်နှာသာ ပေးလိမ့်မယ် မဟုတ်ပါဘူး၊ လက်နက်၊ အာဏာ အကွယ်အကာ မယူနိုင်တဲ့အရာဟာ သေရွာ မသာသာဖြစ်တယ် လို့ ပြောရမလိုပါပဲ။

ယာဆာအာရာဖတ်လို လူသေသော်လည်း အမည်မသေသူတွေရှိသလို လူသေသွားတာနဲ့အတူ အမည်ပါ တစ်ခါ တည်း သေသွားသူတွေလည်းရှိရဲ့၊ တစ်ချို့ကြတော့ လူမသေသေးပေမယ့် အမည်ကကြိုသေနေကြပြန်ရော၊ ဒီလို သူတွေကတော့ လူသားကောင်းကျိုးထက် ဆိုးကျိုးကိုအများဆုံး ပြုလုပ်သူတွေဖြစ်တယ်ဆိုတာကိုတော့ အထူး ပြောပြဖို့ လိုမယ် မဟုတ်ဘူးပေါ့၊ တကယ်တော့ လူသားကောင်းကျိုးကိုလုပ်တယ်၊ မလုပ်ဖူးဆိုတာကလည်း ပြုလုပ် သူကိုယ်တိုင်က ပြောနိုင်တဲ့ပါးစပ်ရှိလို့၊ ပြောခွင့်ရှိနေတဲ့အနေအထားရှိလို့ ပြောပင်ပြောငြားလည်း တကယ်အလုပ် မဟုတ်လျှင် ဘယ်သူကမှ အဟုတ်လုပ်ပြီး ယုံကြည်မယ် လက်ခံမယ်မဟုတ်ပါဘူး။ ယုံကြည်လက်ခံအောင် အတင်း လုပ်ယူလို့လည်း ရမယ်မဟုတ်ပါဘူး။

ဘာပဲဖြစ်ဖြစ်၊ အများသူငါ လွှမ်းတမ်းတကျန်နေရမည့်အနေမျိုးကို မဖန်တီးနိုင်ခဲ့သည့်တိုင်၊ ကိုယ်ကမစွမ်းနိုင်လို့ သမိုင်းစာမျက်နှာပေါ်မှာ ခန့်ခန့်ထည်ထည် ဂုဏ်ယူဝံ့ကြွားစရာ နာမည်ကောင်းကို မချန်ထားခဲ့ရစ်နိုင်သည့်တိုင်၊ ဘယ်သူဘယ်ဝါဟာဖြင့် ဒို့အဖေ အမေ၊ ဒို့အဖိုး အဖွားပေါ့လို့ နောင်လာနောက်သား ကိုယ့်သားကိုယ့်သမီး ကိုယ့်မြေးမြစ်များအနေနဲ့ ပြောပြဖို့ရာ၊ ရှက်ရွံ့ နောက်တွန့် ကြောက်ရွံ့စိုးထိတ်နေရမည့် အနေမျိုးမဖြစ်စေဖို့ကိုတော့ သူသူကိုယ်ကိုယ် သတိထားကြရမှာပါ၊ ကျန်လူသားအများကို မချစ်နိုင်သည်ပဲထားဦး၊ ကိုယ့်ရင်သွေး သားမြေး အစဉ်ကို တကယ်ချစ်တယ်ဆိုလျှင်ကိုပဲ ဘယ်အရာကိုတော့ဖြင့် စောင့်ထိန်းမှ၊ ဘာကိုတော့ဖြင့် ပြုလုပ်မှ တော်ပေ လိမ့်မယ်ရယ်လို့ သဘောပေါက်ကြဖို့ လိုပါတယ်။

ဒါတင်မက ကိုယ့်လုပ်ရပ်တွေဟာ ကိုယ်တွင်ပါမက ကိုယ့်ရဲ့နောင်မျိုးဆက်များအတွက်ပါ အရှက်ရ ကျန်နေရစ်ရမည့် အနေ ဖြစ်နေပြီလားဆိုတာကိုလည်း စဉ်းစားကြဖို့လိုပါတယ်၊ တကယ်လို့ ဒီလိုဖြစ်နေပြီဆိုလျှင်တော့ ပြင်သင့်ရာကို ပြင်၊ ပြောင်းသင့်တာဆို ပြောင်းဖို့လိုပါတယ်၊ ကောင်းတဲ့လမ်း တည့်တဲ့လမ်းကိုရွေးချယ်ဖို့ရာမှာ မြန်နိုင်သမျှမြန်က အကောင်းဆုံးပါ၊ မမှန်မှန်းသိလျက် ခဏတာစည်းစိမ်ကောင်းကျိုးအတွက် အမှားတွေကို ဖက်တွယ်ထားမည်ဆိုလျှင် တော့ အဲဒီလို အမိုက်ဒဏ်၊ မကောင်းမှုကံရဲ့ အကျိုးဆက်က နောက်ဘဝထိအောင် စောင့်ဆိုင်းလို့နေမည် မဟုတ်ပါဘူး၊ ဒါကိုလည်း ရှေ့မှာသက်သေတွေကို အမြောက်အများပဲ တွေ့ကြရ မြင်ခဲ့ကြရပါပြီ၊ သိပ်ပြီးတောင်မှ ရှည်ရှည်ဝေးဝေးကြီး မျှော်ကြည့်နေဖွယ် မလိုပါဘူး။

တစ်ချိန်မှာ ကိုယ်ကပြုသူတွေဟာ နောင်တစ်ချိန်မှာ ကိုယ်ကခံသူဘဝ ရောက်တတ်ကြ ပြန်ရောမဟုတ်လား၊ လူပြုတဲ့ အတုံ့အလှဲ့ထက် ကံပြုတဲ့ အတုံ့အလှဲ့က ပိုပြီးကြောက်မက်ဖွယ်ကောင်းကြောင်း သတိပြုမိဖို့လိုပါတယ်၊ ဘယ်သူမပြု မိမိမှုဆိုတဲ့ မြန်မာစကားတစ်ခွန်းဟာ ကမ္ဘနိယာမနယ်ပယ်အတွက် အကောင်းဆုံး အဆီလျော်ဆုံး စံနှုန်းတစ်ခုပါ။ ယူတတ်မည်ဆိုလျှင်တော့ သေသူတွေဆီကပါမက ရှင်လျက်သေနေသူတွေဆီကပါ ရနိုင်တဲ့ သခ်ဳန်းစာတွေပေါ့။ ကျလို့မှ ကောက်မည့်သူ မရှိ၊ လဲလို့မှ ထူမည့်သူကင်း၊ သေလို့မှ ဝမ်းနည်းစကား မဆိုကြချင်၊ ဆုံးရှုံးပျက်စီးတာကိုပဲ ဒါနည်းတောင်နည်းသေး၊ နောက်တောင်ကျသေးရယ်လို့ အများသူငါ အပြောခံရမည့် ဘဝမျိုးကတော့ ဝမ်းနည်းဖို့ကောင်းလှတာ အမှန်ပါပဲ။

ဒီနေရာမှာ သိထားဖို့လိုတာကတော့ မှားမှန်းသိလျက် အမှားကိုလုပ်သည်ပဲဖြစ်ဖြစ်၊ အမှားကိုပဲ အမှန်လို့ထင်ပြီး လုပ်သည်ပဲဖြစ်ဖြစ်၊ အမှားလုပ်ရပ်ကနေ ဘယ်လိုကောင်းကျိုးရလဒ်မှ ထွက်ပေါ်လာနိုင်မှာ မဟုတ်ဘူးဆိုတာကိုပါ၊ အထူးသဖြင့် အမှားကို အမှားမှန်းသိသူတွေကို ပြုပြင်ထိန်းကျောင်းဖို့ တည့်မတ်ဖို့က အမှားကို အမှန်ထင်နေသူတွေထက် ပိုမိုလွယ်ကူတာမို့ အမှားကို အမှန်ထင်ပြီး မလုပ်မိကြရလေအောင် အထူးပဲ ဂရုပြုမိဖို့လည်း လိုတာအမှန်ပါပဲ။

အထူးဆင်ခြင်ရမည့်အချက်ကတော့ တစ်လနှင့်ရလဒ်ကောင်းထွက်ရမည့်အရာမျိုးမှာ သုံးလေးလကြာလုပ်ခဲ့တာတောင် ဘာရလဒ်မှ မထွက်နိုင်တာမျိုး၊ တစ်နှစ်အကြာမှာ ထွက်ရမည့်ကောင်းကျိုးက နှစ်နှစ် သုံးနှစ်ကြာလာသည့်တိုင် ဘာကောင်းကျိုးမှ ထွက်မလာနိုင်သေးတာမျိုး ဖြစ်နေပြီဆိုလျှင်တော့ ကိုယ့်လုပ်ရပ် မှားနေပြီဆိုတာလောက်တော့ သိနားလည်ဖို့ လိုပါလိမ့်မယ်၊ အဲ ဒီထက်မက ကြာလာခဲ့တာတောင်မှ ဘယ်လိုကောင်းကျိုးရလဒ်မှ မထွက်နိုင်သေးဘူး ဖြစ်နေသေးတယ်ဆိုလျှင်ဖြင့် ဒီနေရာဟာ ကိုယ့်အတွက် မဟုတ်ဘူးဆိုတာကို လက်ခံဖို့လိုပေလိမ့်မယ်၊ နောက်ပြီးတော့လည်း လောကထဲက တစ်ချို့အရာတွေကို ပြုလုပ်ဖို့ရာ၊ဖြည့်ဆည်းဖို့ရာမှာ ဝီရိယအားတစ်ခုတည်းနဲ့ မဖြစ်နိုင်ကြောင်းနဲ့၊ စေတနာ တစ်ခုတည်းသက်သက်နဲ့လည်း မဖြစ်နိုင်ကြောင်းကို ဝီရိယမာန်တက်နေသူတွေနဲ့ အစွန်းရောက် စေတနာ ရှေ့တန်းတင်လွန်းသူတွေ ဆင်ခြင်မိဖို့ လိုပါတယ်၊ စေတနာကင်းတဲ့လုပ်ရပ်ကနေ ရလဒ်ကောင်းထွက်ဖို့ ခဲယဉ်းတတ်သလိုပဲ ရလဒ်ကောင်းမရှိတဲ့ စေတနာလုပ်ရပ်တွေဟာလည်း အချိန်ကာလနဲ့ လုပ်အားတွေကို အလဟဿဖြုန်းတီးပစ်နေခြင်းသာဖြစ်ကြောင်း ကောင်းကောင်းနားလည်ကြဖို့ လိုပါတယ်။

ယာဆာအာရာဖတ်ရဲ့ ဈာပနအကြောင်း သတင်းကိုဖတ်ပြီး ကျောင်းသွားဖို့ဘတ်စကားမှတ်တိုင်ဆီလျှောက်ခဲ့တယ်၊ နေထိုင်တဲ့နေရာကနေ ဘတ်စကားမှတ်တိုင်အထိ ၁၅ မိနစ်ခန့် လမ်းလျှောက်ရတယ်၊ ဘတ်စကားမှတ်တိုင်က အရှေ့ဘက်မှာမို့ လမ်းလျှောက်ရင်း မြို့ရဲ့အရှေ့ဘက်မှာ မိုးကုတ်စက်ဝိုင်းတလျှောက် တောင်မြောက်လဲလျောင်းနေတဲ့ တောင်တန်းကြီးကို ခန့်ခန့်ထည်ထည် တည်တည်ငြိမ်ငြိမ်မြင်ရတယ်၊ အများအားဖြင့် မြက်ခြောက်တွေနဲ့ ဖုံးလွှမ်းနေတတ်လို့ တောင်တန်းကြီးဟာ ဝါညိုရောင်ခြောက်ခြောက်သွေ့သွေ့အသွင်နဲ့သာ မြင်ရလေ့ရှိတယ်၊ ခုချိန်မှာတော့ ဒီတောင်တန်းကြီး မိုးရေသုံးလေးကြိမ်မက ပက်ဖျန်းထားတာခံရပြီမို့ စိမ်းလန်းလို့နေတယ်၊ အရောင်ပြောင်းသွားလေတဲ့ တောင်တန်းကြီးဟာဖြင့် စိမ်းစိုလန်းဆန်းမှုနဲ့အတူ တည်ငြိမ်ပြီး အေးချမ်းတဲ့မြင်ကွင်းကို တဝကြီးခံစားလို့ရအောင် တမင်ဖန်တီး ထားသလိုပါပဲ၊ အော် ပြောင်းလဲခြင်းသဘာဝဟာ လှပမှုတွေကိုလည်း သယ်ဆောင်လို့လာတတ်ပါကလား။

မနေ့က တနေ့လုံးနဲ့ ညဦးပိုင်းအထိပါ မိုးရွာထားခဲ့တာမို့ လမ်းတလျှောက်လည်း ပိုမိုသန့်ရှင်းသပ်ရပ်သလို၊ သစ်လွင်တောက်ပနေသလို ခံစားမိတယ်၊ ဆောင်းဦးရာသီရဲ့အစမှာ ကြွေကြတတ်လေ့ရှိတဲ့ မေပယ်လ်ရွက်ဝါတွေကလည်း လမ်းဘေး မြက်ခင်းပြင်ပေါ်မှာ ဟိုတစ ဒီတစ၊ ရွှေအိုရောင်ကြယ်ပွင့်တွေ အစိမ်းရောင် ကတ္တီပါစပေါ်မှာ ဖွဖွရရ စိတ်လိုလက်ရ ကျဲဖြန့်ထားသလိုပ၊ မြူတိမ်ကင်းရှင်း တောက်ပတဲ့နေရဲ့အလင်းကလည်း မြင်ကွင်းအာရုံကို ရှင်းလင်းကြည်လင်စေတယ်၊ လေကိုရှူရှိုက်ရတာကိုကပဲ ပိုပြီးပေါ့ပါးလတ်ဆတ်နေသလိုပါပဲ။

တည်ငြိမ်အေးချမ်းတဲ့မြင်ကွင်းကိုမြင်ရပြီး လန်းဆန်းလတ်ဆတ်တဲ့လေကို ရှူလိုက်ရလို့ထင်ပါရဲ့၊ မိဘ ဆရာသမား ညီအကိုမောင်နှမ မိတ်ဆွေသူငယ်ချင်း တမြေတည်းဖွား ဟိုအဝေးက သန်းငါးဆယ်ကျော်မျှ လူသားများစွာကို သတိတရ ဖြစ်မိတယ်၊ နောက်ပြီး သူတို့တွေလည်းပဲ ပူပင်သောကတွေ ကြောက်ရွံ့ထိတ်လန့်မှုတွေ စိုးရိမ်ပင်ပန်းမှုတွေကင်းဝေးစွာနဲ့ တည်ငြိမ်အေးချမ်းပြီး လန်းဆန်းစိုပြည်တဲ့ဘဝတွေကို အသီးသီး ပိုင်ဆိုင်ရရှိနိုင်ပါစေကြောင်း၊ လတ်ဆတ်သန့်ရှင်းတဲ့ လွတ်လပ်ခြင်း လေပြေလေညင်းကို ရှူရှိုက်ခွင့် ရကြပါစေကြောင်း နက်နက်ရှိုင်းရှိုင်း ဆုတောင်းပေးနေမိတယ်။ ဒီမနက်မှာဖတ်ခဲ့ရတဲ့ အာရာဖတ်ရဲ့ နောက်ဆုံးခရီးသတင်းနဲ့ ရှူရှိုက်လိုက်ရတဲ့ လတ်ဆတ်တဲ့ လေပြေညင်းဟာ ဥဏ္ဏောက်နဲ့ ရင်တွင်းကို ဆင်ခြင်မှုဒသသန၊ ခံစာမှုရသတို့ တစ်ပြိုင်တည်း လှုပစွာနိုးထစေခဲ့ပါတယ်၊ ကျေးဇူးအနန္တပါကွဲ့ မိခင်ကမ္ဘာ လောကကြီးရယ်။ ။

မေတ္တာဖြင့်
အရှင်ဉာဏိက